## မာတိကာ


* စာရေးသူ၏ အတ္ထုပ္ပတ္တိ
* အမှာ
* ကျမ်းဦးနိဒါန်း
* မိတ်ဆက်
* ဇယားပုံများ စာရင်း

အခန်း ၁
နိဒါန်း

အခန်း ၂
ဘုန်းတော်ကြီးကျောင်း ပညာရေး နောက်ခံသမိုင်း

အခန်း ၃
ပုဂံခေတ် ဘုန်းတော်ကြီးကျောင်းပညာရေး
[၁၀၄၄-၁၂၈၇]

အခန်း ၄
ပင်းယခေတ်မှ ညောင်ရမ်းခေတ်အထိ
ဘုန်းတော်ကြီးကျောင်းပညာရေး [၁၂၈၇-၁၇၅၂]

အခန်း ၅
ကုန်းဘောင်ခေတ် ဘုန်းကြီးကျောင်းပညာရေး

အခန်း ၆
ကိုလိုနီခေတ် ဘုန်းကြီးကျောင်းပညာရေး

အခန်း ၇
ဖက်ဆစ်ဂျပန်ခေတ် [၁၉၄၂-၁၉၄၅]

အခန်း ၈
စစ်ပြီးခေတ်၊ လွတ်လပ်ရေးခေတ်နှင့်
တော်လှန်ရေးခေတ် ဘ-က ပညာရေး

အခန်း ၉
နိဂုံး

- ကျမ်းကိုးစာရင်း
- နောက်ဆက်တွဲ (က)
- နောက်ဆက်တွဲ (ခ)
- နောက်ဆက်တွဲ (ဂ)


## အမှာ

မျက်မှောက် မြန်မာစာအုပ်လောကတွင် ပညာရေးစာအုပ်များ အလွန်နည်း၏၊ ထွက်ခဲ့သော ပညာရေးစာအုပ် ဦးရေကို လက်ချိုးရေတွက်တရနိုင်သည်။ အကြောင်းကား ပညာရေးစာအုပ်များသည် ဈေးကွက်တွင် ရောင်းမသွက်သော ကုန်ထိုင်းပစ္စည်းများ ဖြစ်နေသောကြောင့်တည်း။

အရောင်းမသွက်သော၊ ထုတ်လျှင် ရှုံးသော ပညာရေးစာအုပ်များကို မည်သူသည် ထုတ်ဝေရဲအံ့နည်း။ ရေးသူကလည်း အချိန်ကုန်ခံ၍ မည်သူရေးရဲအံ့နည်း။ ထို့ကြောင့် ထုတ်ဝေခဲ့သော ပညာရေးစာအုပ် ဦးရေကို လက်ချိုး၍ ရေတွက်နိုင်သည်ဟု ဆိုရခြင်း ဖြစ်သည်။

ဤသို့ အခြေအနေမျိုး၊ ဤသို့ အခါသမယမျိုးတွင် ဦးသန်းထွတ်သည် ပညာရေး စာအုပ် တစ်အုပ်ကို အုန်းပင် ပုံနှိပ်တိုက်၏ အကူအညီဖြင့် ထုတ်ဝေရန် စီစဉ်ခဲ့သည်။ ဦးသန်းထွတ်၏ စီစဉ်မှုသည် ရဲဝံ့သည်ဟု ဆိုရမည်လော၊ ခေတ်အကြောင်း နားမလည်ဟု ဆိုရမည်လော မစဉ်းစားတတ်ချေ။ ပို၍ မစဉ်းစားတတ်သည်မှာ ယခုစာအုပ်သည် သာမန်စာအုပ်မျိုး မဟုတ်၊ ကျမ်းစာအုပ် တစ်အုပ် ဖြစ်နေသည်။ ကျမ်းစာအုပ် ဆိုရာတွင်လည်း မျက်မှောက်ခေတ် ပညာရေး အကြောင်းအရာများကို ရေးသားဖော်ပြထားသော ကျမ်းစာအုပ် မဟုတ်ချေ။ လွန်လေပြီးသော ခေတ်ဟောင်းတွင် မြန်မာနိုင်ငံ၌ ထွန်းကားခဲ့သည့် ဘုန်းတော်ကြီးကျောင်း ပညာရေး၏ အကြောင်းကို သုတေသန ပြုလုပ်ထားသည့် ကျမ်းကြီးတစ်စောင် ဖြစ်နေသည်။ တိတိကျကျ ပြောဆိုရပါမူ မဟာပညာရေး ဘွဲ့အတွက် ဦးသန်းထွတ် သုတေသနပြု၍ တင်ပြခဲ့သော ကျမ်းတစ်စောင် ဖြစ်နေသည်။

ဘွဲ့အတွက် သုတေသနပြု၍ တင်ပြခဲ့သော ကျမ်းတစ်စောင်ကို ဦးသန်းထွတ်သည် အဘယ့်ကြောင့် ထုတ်ဝေရန် စီစဉ်ခဲ့ပါသနည်း။

ဤကျမ်းပြုစုသည့် ရည်ရွယ်ချက်များအကြောင်း ဖတ်ရှုလေ့လာပြီးသောအခါ ဦးသန်းထွတ်၏ စေတနာ အရင်းခံကို ပိုမိုနားလည်လာသည်။ သဘောပေါက်လာသည်။ ဦးသန်းထွတ်၏ စေတနာကို အသပြာနှင့် မရောနိုင်ကြောင်း၊ မတိုင်းဆနိုင်ကြောင်း တွေ့မြင်လာရသည်။ ယင်းသို့ ဦးသန်းထွတ်၏ စေတနာကို သိမြင်လာသောအခါ ဦးသန်းထွတ်အား "ခေတ်အကြောင်း နားမလည်သူ"ဟု မဆိုသာတော့ချေ။ ဤသို့ကျမ်းမျိုးကို ပညာရေးတက္ကသိုလ် ပရိဝုဏ်အတွင်းမှ ဖောက်ထွက်၍ ပြည်သူလူထု လက်တွင်းသို့ အရောက်ပို့ဆောင်ပေးရန် စီစဉ်ခြင်းသည် ရဲဝံ့စွာ ဆောင်ရွက်ခြင်းဟု ဆိုရမည်သာ ဖြစ်သည်။

ပညာရေးသည် အတိတ်၊ ပစ္စုပ္ပန်နှင့် အနာဂတ်တည်းဟူသော ကာလသုံးပါးနှင့် ဆက်စပ်နေသည်။ ပညာရေးသည် အနာဂတ်ကာလအတွက် မျက်မှောက်ကာလတွင် ဆောင်ရွက်နေသော လုပ်ငန်းစဉ်တစ်ရပ် ဖြစ်သည်။ မျက်မှောက်ကာလ၏ ပညာရေး လုပ်ငန်းစဉ်သည် အတိတ်ကာလ၏ ပညာရေးနှင့် တင်းကွာ၍ မရချေ။ ထို့ကြောင့် မျက်မှောက် ပညာရေး၏ ဖြစ်ရပ်များကို စနစ်တကျ လေ့လာသုံးသပ် အကဲဖြတ်လိုပါက အတိတ်ပညာရေးကို သိရှိကျေညက်ရန် လိုအပ်ပေသည်။ တစ်နည်းဆိုရသော် ပညာရေးသမိုင်းကို ဓမ္မဓိဋ္ဌာန်ကျကျ လေ့လာသုံးသပ် အကဲဖြတ်ရပေမည်။

ဦးသန်းထွတ်၏ ကျမ်းသည် မြန်မာနိုင်ငံ ပညာရေးသမိုင်းစဉ်တွင် အဓိကကဏ္ဍမှ ပါဝင်သော ဘုန်းတော်ကြီးကျောင်း ပညာရေး၏ အကြောင်းကို ပြုစုတင်ပြထားခြင်း ဖြစ်သည်။

ပညာရေး သဘောတရားများ၊ အယူအဆများ၊ ဆောင်ရွက်မှုများ၊ ကျင့်သုံးမှုများသည် ရပ်တန့်နေသည် မဟုတ်ချေ။ နိုင်ငံတော်၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး အခြေအနေ အရပ်ရပ်ပေါ်တွင် မှီ၍ အစဉ်ပြောင်းလဲနေပေသည်။ မြန်မာနိုင်ငံ ပညာရေး၏ ဖြစ်ရပ်များသည် ဤဖြစ်စဉ်အတိုင်း ဖြစ်ပေါ်ခဲ့သည်ကို တွေ့ရပေမည်။

မြန်မာနိုင်ငံ သမိုင်းတစ်လျှောက်တွင် ပေါ်ထွန်းခဲ့သော ခေတ်ကြီးများအလိုက် ပညာရေးကျင့်သုံးမှုများ၊ ပညာသင်ကြားရေး လုပ်ငန်းများ ပြောင်းလဲခဲ့သည်ကို တွေ့ရပေမည်။ မြန်မာပဒေသရာဇ်များ ထွန်းကားခဲ့သောခေတ်၊ တိုင်းတစ်ပါး သ္မကျွန်ဖြစ်ခဲ့ရသော အင်္ဂလိပ်ကိုလိုနီခေတ်၊ ဖက်ဆစ်ဂျပန်ခေတ်၊ စစ်ပြီး လွတ်လပ်ရေးအကြိုခေတ်၊ လွတ်လပ်ရေးရခါစခေတ်၊ ဖ. ဆ. ပ. လ ပြည်တော်သာခေတ်၊ အိမ်စောင့်အစိုးရခေတ်၊ ပထစခေတ်၊ တော်လှန်ရေးကောင်စီခေတ် စသည်ဖြင့် နိုင်ငံရေးခေတ်အဆက်ဆက်တွင် ဘုန်းတော်ကြီးကျောင်း ပညာရေးသည် ခေတ်ရေစီးကြောင်းနှင့်အတူ စီးဆင်းလာခဲ့သည်ကို တွေ့ရပေသည်။ ဘုန်းတော်ကြီးကျောင်း ပညာရေးသည် မည်သည့်ခေတ်တွင် မည်သို့ဖြစ်၍ မည်သည့်အခြေအနေမျိုးရှိကာ ပြည်သူလူထုအပေါ် မည်သို့ဩဇာသက်ရောက်ခဲ့သည်ကို လေ့လာတင်ပြထားကြောင်း တွေ့ရပေသည်။

ဘုန်းတော်ကြီးကျောင်း ပညာရေး၏ အရှိန်အဝါနှင့် အကျိုးသက်ရောက်မှုများသည် မြန်မာ့ပညာရေးလောကပေါ်သာမက မြန်မာ့လူ့ဘောင် တစ်ခုလုံးအပေါ် ကျရောက်လွှမ်းမိုးခဲ့သည့် သာဓကများစွာကို ယနေ့မျက်မှောက်တွင် တွေ့မြင်နိုင်ပေသေးသည်။ သာဓကတစ်ခုကို တင်ပြရသော် မြန်မာနိုင်ငံတွင် စာတတ်မြောက်ရေး အခြေအနေ ကောင်းမွန်ခဲ့ခြင်း၊ ဗုဒ္ဓဘာသာ တရားတော်ပါ အဆုံးအမများ ထွန်းကားနေသေးခြင်းတို့သည် ဘုန်းတော်ကြီးကျောင်း ပညာရေး၏ အကျိုးကျေးဇူးကြောင့် ဖြစ်ကြောင်း မည်သူမျှ မငြင်းနိုင်ချေ။ ယင်းအချက်ထက် ပိုမိုအရေးကြီးသော အချက်ကား ဦးသန်းထွတ် တင်ပြထားသည့်အတိုင်း "မြန်မာနိုင်ငံ ဘုန်းတော်ကြီးကျောင်းများသည် ရှေးအစဉ်အလာကို ထိန်းသိမ်းခြင်း၊ မြန်မာလူငယ်တို့၏ အကျင့်စာရိတ္တ မြင့်မားရေးအတွက် သွန်သင်ခြင်း၊ စာရေး စာဖတ် ဗဟုသုတရစေဖို့ သင်ကြားပို့ချပေးခြင်း" တို့ကြောင့် မြန်မာ့လူ့ဘောင်တွင် အရေးပါခဲ့ပေသည်။

မြန်မာ့လူ့ဘောင်ကို နှစ်ပေါင်းမြောက်မြားစွာ အကျိုးပြုခဲ့သော ဘုန်းတော်ကြီးကျောင်း ပညာရေးကို ကျမ်းတစ်စောင် ပေါ်ထွန်းလာသည်အထိ သုတေသနပြုခဲ့သော ဦးသန်းထွတ်အား ကျေးဇူးတင်ထိုက်ပေသည်။ ဤကျမ်းသည် မြန်မာနိုင်ငံ ဘုန်းတော်ကြီးကျောင်း ပညာရေးသမိုင်းအကြောင်းကို ပြောပြသော ကျမ်းသာ မဟုတ်ချေ၊ မြန်မာနိုင်ငံပညာရေးသမိုင်း၏ တစ်စိတ်တစ်ဒေသလည်း ဖြစ်ကြောင်း တွေ့ရပေမည်။ ထို့ပြင် ဗုဒ္ဓဘာသာ တရားတော်နှင့် ရောထွေးလိမ်ယှက်နေသော မြန်မာ့အတွေး၊ မြန်မာ့အယူအဆ၊ မြန်မာ့စိတ်နေသဘောထား စသည့် အခြေအနေများကိုလည်း သတိပြုမိပေလိမ့်မည်။

ထို့ကြောင့် ဤကျမ်းစာအုပ်သည် မြန်မာနိုင်ငံ ပညာရေးသမိုင်း သုတေသီများအတွက်သာမက လူမှုရေးသုတေသီများ၊ ပညာရေးနှင့် ဆက်နွှယ်နေသူများ၊ မြန်မာစာပေ လေ့လာသူများ စသည့် ပုဂ္ဂိုလ်များအတွက် အကျိုးရှိသည့် စာအုပ်၊ လက်ကိုင်ထားသင့်သည့် စာအုပ်ဟု ထင်မြင်ယူဆမိပေသည်။

သောင်းထွန်း
ပါမောက္ခချုပ်
ပညာရေးတက္ကသိုလ်

၁၉၈၀ ပြည့်နှစ်၊ ဇူလိုင်လ ၁၆ ရက်။